# ပြန်လာခဲ့ပါ ချစ်သူရယ်....

ဂင်းလက်ပြီးပြတ်နေတဲ့ မုန်ခန်းထဲက ကာပူချီနိုထက်

အမိုးအကာမဲ့ အပင်အောက် လက်ဖက်ရည်ဆိုင်က

အကြမ်းရေကို ငါပိုမက်မောတယ်..

မက်ဒေါနယ်နဲ့ ကိုကာကိုလာကို

မင်းသောက်နေချိန်မှာ

ဘူးသီးကြော်နဲ့ဆလတ်ရွက်ကို ငါပိုသဘောကျတယ်




အသားညှပ်ပေါင်မုန့်ထက်

ငါးပိရည်နဲ့ထမင်းစားရတာကို

ငါကျင်နက်မိတယ်...

ချဉ်ပေါင်နဲ့ဂက်သားမလဲနိုင်သလို

ဘာဘီကျူးကိုလည်းပုန်းရည်ကြီးနဲ့

ငါမလဲနိုင်ခဲ့ပါဘူး....

ဒါပါပဲ...ချစ်သူရယ်

နောက်ဆုံး....

ပက်ဗလိုနီရူဒါ...ပြောသလို ငါကလည်း

"ငါတိုင်းပြည်က သစ်မြစ်လေးတွေကိုတောင် ငါချစ်တယ်"

ဒါကြောင့်...

ပြန်လာခဲ့ပါ...ချစ်သူရယ်......

ငါကိုချစ်ရင် ငါရှိတဲ့မြန်မာပြည်လေးကို ပြန်လာခဲ့ပါ..ချစ်သူရယ်..

တိုက်ဆိုင်မှုလေးတွေ သတိရလွမ်းဆွတ်တဲ့အချိန်တိုင်း မင်းပြောဘူးတဲ့

မင်းပြောပြောနေတဲ့ အထပ်ထပ်မိုးပြာရောင်စုံတိုက်ကြီးတွေ

ငါမြန်မာပြည်က ပျဉ်းထောင်အိမ်ခလေးလောက်..ငါမမက်မောဘူး.ချစ်သူ..

မင်းပြောဘူးတဲ့ ရောင်စုံကားလှလှလေးတွေ

ငါမြန်မာပြည်က စက်ဘီးလေးလောက်..ငါမမက်မောဘူး

မင်းပြောနေကျ အရသာရှိဆုံးအစားအသောက်တွေ....

ငါတို့ချစ်တဲ့တိုင်းပြည်က ထမင်းကြမ်းနဲ့ပဲပြုတ်လောက်

ငါမမက်မောခဲ့ဘူး..




မင်းပြောပြောနေတဲ့ ....လူကြီးကအစ ခလေးတိုင်

နောက်ဆုံးပေါ်ဖုန်းတွေ ပြောနေတာတွေ...

ငါတို့မြန်မာပြည်က နွေးထွေးစွာကူညီဖေးမတဲ့စိတ်...

တစ်ယောက်နဲ့တစ်ယောက် ရိုးသေသမှုပြုတဲ့ ဓလေ့လောက်

ဘယ်ဟာမှာ ငါမမက်မောဘူး..

မင်းသာ..ငါဆီကို.........

ပြန်လာခဲ့ပါ......ချစ်သူရယ်.......။

ကျော်ထက်